**လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မနီရှာဆင်း၏ မွန်ဂိုလီးယား၊ မြန်မာနှင့်လာအိုနိုင်ငံခရီးစဉ်**

မီဒီယာမှတ်ချက်
ပြောခွင့်ရပုဂ္ဂိုလ်ရုံး
ဩဂုတ် ၉၊ ၂၀၁၉

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန စီးပွားရေးနှင့်စီးပွားရေးလုပ်ငန်းများဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မနီရှာဆင်း သည် ဩဂုတ် ၁၁ ရက်မှ ၂၄ ရက်အတွင်း မွန်ဂိုလီးယားနိုင်ငံ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ ဤခရီးစဉ်သည် သမ္မတထရမ့်အစိုးရ၏ ဆက်လက်ဖော်ဆောင်လျက်ရှိသော အင်ဒို-ပစိဖိတ် စီးပွားရေး ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

လက်ထောက်ဝန်ကြီး ဆင်းသည် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာသို့ ဩဂုတ်လ ၁၂ ရက်မှ ၁၆ ရက်အတွင်းရောက်ရှိပြီး စီးပွားရေး အခွင့်အလမ်းများ အထောက်အပံ့ဖြစ်စေရေးနှင့် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်စေရေးအတွက် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံမည်ဖြစ်သည်။ ဤခရီးစဉ်သည် မွန်ဂိုလီးယားသမ္မတ ဘတ်တူဂါ၏ သမ္မတထရမ့်နှင့် ဇူလိုင် ၃၁ ရက်က အိမ်ဖြူတော်၌တွေ့ဆုံ၍ ခိုင်မာသော နှစ်နိုင်ငံမဟာဗျူဟာ မဟာမိတ်အကြောင်း ခေါင်းဆောင်နှစ်ဦး ဆွေးနွေးမှု၏ နောက်ဆက်တွဲခရီးစဉ်ဖြစ်သည်။ မွန်ဂိုလီးယား၌ ရောက်ရှိနေစဉ်အတွင်း လက်ထောက်ဝန်ကြီး ဆင်းသည် အမျိုးသမီးများ၏စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ပေးနေသည့် အာရှဖောင်ဒေးရှင်း၏ အမျိုးသမီးများအတွက် စီးပွားရေးစင်တာ (Women’s Business Center and Incubator) သို့ သွားရောက်မည့်အပြင် Wagner Asia Equipment အကြီးစား ယန္တရားစက်ရုံသို့လည်း သွားရောက်မည်ဖြစ်သည်။ ထို အကြီးစားယန္တရားစက်ရုံသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် ရေးအတွက် မွန်ဂိုလီးယားဒေသခံ၊ မွန်ဂိုလီးယားအစိုးရတို့နှင့်အတူ လက်တွဲဆောင်ရွက်မှု ကတိကဝတ်အတွက် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက ပေးအပ်သော 2014 Corporate Excellence ဆုရရှိထားပါသည်။ ယင်းအပြင်လက်ထောက်ဝန်ကြီးသည် Rio Tinto သတ္တုတူးဖော်ရေးကုမ္ပဏီနှင့် မွန်ဂိုလီးယားအစိုးရတို့ ပူးပေါင်းဆောင်ရွက်နေသည့် Oyu Tolgoi သတ္တုတွင်း လုပ်ငန်း သို့လည်း သွားရောက်မည်ဖြစ်သည်။

လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မနီရှာဆင်းသည် ဩဂုတ်လ ၁၆ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့သွားရောက်၍ ဆက်လက်တိုးတက်နေသော ရင်းနှီးမြှုပ်နှံမှုအခြေအနေ ပိုမိုတိုးမြှင့်ရေးအတွက် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးထိပ်သီး ပုဂ္ဂိုလ်များ၊ နည်းပညာဆိုင်ရာ စွန့်ဦးတီထွင်သူများနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ ယင်းအပြင် လက်ထောက်ဝန်ကြီးသည် ဂျပန်သံရုံး၊ ဂျပန်နိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ အမေရိကန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းတို့က ပူးတွဲကျင်းပမည့် အမေရိကန်-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် စကားပြောကြားမည်ဖြစ်သည်။

လာအိုနိုင်ငံ ဗီယန်ကျန်းတွင် လက်ထောက်ဝန်ကြီးဆင်းသည် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးထိပ်သီးများနှင့်တွေ့ဆုံ၍ လာအိုနိုင်ငံ၏စီးပွားရေးအနေအထား ပိုမိုတိုးတက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးသွားမည် ဖြစ်သည်။ လက်ထောက်ဝန်ကြီး သည် လူငယ်စွန့်ဦးတီထွင်သူများအတွက် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာဘာသာရပ် ဆိုင်ရာ လက်တွေ့ခန်း “STEM Lab” ဖွင့်ပွဲကို တက်ရောက်မည်ဖြစ်သည်။ ထို့နောက် လက်ထောက်ဝန်ကြီးဆင်း သည် လာအိုနိုင်ငံ၏ အလျင်အမြန် တိုးပွားလာနေသော စီးပွားရေးအတွင်း အောင်မြင်မှုများနှင့်ပတ်သက်၍ အမေရိကန်ကုမ္ပဏီများက မည်သို့မြင်ကြောင်း သိရှိရန်အတွက် Ford Motor Company သို့သွားရောက်၍ ကုမ္ပဏီ အမှုဆောင်များနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

လက်ထောက်ဝန်ကြီးဆင်း၏ ခရီးစဉ်အကြောင်းမပြတ်သိရှိနေရန်အတွက် လက်ထောက်ဝန်ကြီး၏ Twitter @EconAtState ကို follow လုပ်ထားနိုင်ပါသည်။

###